Press Release 14/2007 (88)
The 88 Generation Students
88generation@gmail.com
July 19, 2007
Rangoon (Yangon), Burma (Myanmar)

# The 88 Generation Students' Message
# To the 60th Anniversary of Martyrs' Day Ceremony

Date: 19th July 2007
Ref: 14/2007 (88)

The Martyrs' Day is the result of political violence. Killing and brutalizing the opposition politicians with violence and weapons, instead of solving political differences by a dialogue, should be named as a terrorist act.

Then, General Aung San and his comrades, who had been assassinated, were national leaders, trusted and admired by the people of Burma. Therefore, they were recorded in history as "Martyrs". Those who killed the Martyrs entered into the history as "national traitors."

We would like to emphasize some good examples of General Aung San and his comrades, which we should obtain and treasure from remembering and honoring the Martyrs' Day.

General Aung San never used the strength of the military, which he commanded, when contesting for political leadership role in Burma. He disrobed his military uniform, entered to civilian life, represented the political organization as U Aung San, and contested fairly to get the leading role in politics, with belief in the peoples' voting power.

Because of his ethical conducts and sincerity, he had been highly honored by the people as the "National Leader". National leader U Aung San and his comrades patiently and seriously discussed with leaders of various ethnic nationalities for national unity, without using force, threat and pressure.

These are good examples or precedence, which we should inherit and practice every time in every civilization as conducts of national politics.

We would like to clearly express that we will not accept any solution made by use of force, threat, pressure and one-sided act, which are opposite against the good examples mentioned above and we will not bow in it.

Finally, we declare our oath to the Martyrs' Day that violence, threat and assassination against the Peoples' Representatives, who are elected to practice the good examples inherited from our Martyrs, should be totally ended.

**The 88 Generation Students**
Rangoon, Burma

## နှစ် (၆၀) မြောက် အာဇာနည်နေ့အခမ်းအနားသို့
## ၈၈ မျိုးဆက်ကျောင်းသားများ မှ ပေးပို့သော သဝဏ်လွှာ

နေ့စွဲ။ ။ ၁၉၊ ဇူလိုင်၊ ၂၀၀၇
စာအမှတ်။ ။ ၁၄/ ၂၀၀၇ (၈၈)

အာဇာနည်နေ့သည် နိုင်ငံရေးအကြမ်းဖက်မှု၏ ရလဒ်ဆိုးဖြစ်သည်။ နိုင်ငံရေးအရ မတူညီမှုများကို ဆွေးနွေးဖြေရှင်းရန်မကြိုးစားပဲ လက်နက်ဖြင့် အကြမ်းဖက် သတ်ဖြတ်ခြင်းသည် အကြမ်းဖက်မှုပင်ဖြစ်သည်။

ထိုစဉ်က လုပ်ကြံခံခဲ့ရသူများမှာ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်သူတို့ ယုံကြည်အားထားသော ခေါင်းဆောင်များဖြစ်၍ သူတို့ အသက်ပေးသွားကြသောအခါ အာဇာနည်များအဖြစ် နိုင်ငံ့သမိုင်း၌ မှတ်တမ်းဝင်ခဲ့ကြသည်။

ထို အာဇာနည်ခေါင်းဆောင်များအား လက်နက်အားကိုး လုပ်ကြံသတ်ဖြတ်သူများမှာကား အမျိုးသားသစ္စာဖေါက်များ အဖြစ် သမိုင်းတွင်ကျန်ရစ်ရတော့သည်။

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်များ၏ နမူနာကောင်းများကို အာဇာနည်နေ့မှ ထုတ်ယူသင့်သော ပြည်တန်ရတနာများအဖြစ် ကျွန်ုပ်တို့ဖေါ်ပြလိုသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးဦးဆောင်မှုကဏ္ဍအတွက် ကြိုးပမ်းရာ၌ လက်နက်ကိုင်တပ်ဖွဲ့များ လက်ဝယ်ရှိမှု အင်အားကို မသုံးပဲ၊ စစ်ယူနီဖေါင်းကို ရဲဝံ့စွာချွတ်ပြီး၊ ပြည်သူ၏ မဲဆန္ဒကို ယုံကြည်ရဲသူပီပီ၊ နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၏ကိုယ်စားလှယ် ဦးအောင်ဆန်း အဖြစ် နိုင်ငံရေးဦးဆောင်မှုကဏ္ဍကို တရားမျှတစွာ ရယူပြနိုင်ခဲ့သူဖြစ်သည်။

ထိုကျင့်စဉ်၊ ထိုလုပ်ရပ်များကြောင့်ပင် သမိုင်းတွင် အမြင့်ဆုံးဂုဏ်ပုဒ်ဖြစ်သော အမျိုးသားခေါင်းဆောင်ဟု သတ်မှတ်ခံရခြင်းဖြစ်သည်။ တဖန် အမျိုးသားခေါင်းဆောင် ဦးအောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်များသည် တိုင်းရင်းသားခေါင်းဆောင်များနှင့် ညီညွတ်ရေးကိစ္စ၌လည်း အင်အားသုံးခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းကို မသုံးခဲ့၊ တမျိုးသားလုံးသင့်မြတ်ပြီး၊ ရလဒ်ကောင်း ထွက်သည်အထိ စိတ်ရှည်ရှည်ဖြင့် ဆွေးနွေးအဖြေရှာနိုင်ခဲ့ကြသည်။

ဤနမူနာကောင်းများသည် မည်သည့်ခေတ်တွင်မဆို ယဉ်ကျေးသည့်လူ့အဖွဲ့အစည်း၏ ကျင့်စဉ်များ၊ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များပင်ဖြစ်သည်။

ဤကျင့်စဉ်များနှင့်ဆန့်ကျင်သော အင်အားသုံး၊ ခြိမ်းခြောက်၊ အကျပ်ကိုင်သော တဖတ်သတ် ဖြေရှင်းမှုမှန်သမျှကို ကျွန်ုပ်တို့ လုံးဝ လက်မခံသလို၊ ငုံ့လည်းခံမည်မဟုတ်ကြောင်း ရှင်းလင်းစွာ အသိပေးလိုက်သည်။

နိဂုံးအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတွေးအခေါ် ကျင့်စဉ်များကိုသာ ( အာဇာနည်နေ့မှ ပေးသော သင်ခန်းစာအဖြစ် ) ခံယူရန်၊ ပြည်သူရွေးချယ်တင်မြှောက်ထားသော ခေါင်းဆောင်များကို လက်နက်အားကိုး ခြိမ်းခြောက်မှုများ၊ လုပ်ကြံမှုများ ဤမြေပေါ်မှ ချုပ်ငြိမ်းရန် အာဇာနည်နေ့ အဓိဋ္ဌာန်အဖြစ် ကျွန်ုပ်တို့ ၈၈မျိုးဆက်ကျောင်းသားများမှ ချမှတ်ကြေညာလိုက်သည်။

**၈၈ မျိုးဆက်ကျောင်းသားများ**